# ဝါတွင်းကာလ တတိယတနင်္ဂနွေ

ရှင်ယောဟန် ၄း ၅ - ၄၂

ယနေ့ဖတ်ရတဲ့ ဧဝံဂေလိကျမ်းစာမှာ ယေရှုဘုရားရှင်က ဆာမာရိယအမျိုးသမီးနဲ့ ရေတွင်းမှာ လမ်းကြုံလို့ စကားပြောတဲ့အကြောင်း ဖတ်ရပါတယ်။ ယေရှုဘုရားရှင်တို့လို ဂျူးလူမျိုးတွေက ဂျူးမစစ်တဲ့ ကပြားတွေဖြစ်တဲ့ဆာမာရိယလူမျိုးတွေကို ဝိုင်းပယ်ထားကြတယ်။ ဒါ့အပြင် အဲဒီ ဆာမာရိယအမျိုးသမီးက အပြစ်ရှိတဲ့သူ၊ နာမည်ပျက်ရှိတဲ့သူတစ်ယောက်လည်း ဖြစ်ပါတယ်။ ဘယ်ဂုဏ်အသရေရှိတဲ့ ဂျူးအမျိုးသားကမှ ဒီလို အမျိုးသမီးနဲ့ လူမြင်ကွင်းမှာ စကားပြောလေ့ မရှိကြပါဘူး။ ဒါပေမဲ့ ယေရှုဘုရားရှင်ကတော့ ဘယ်လိုအခြေအနေမျိုးမှာပဲ ရောက်နေပါစေ၊ အပြစ်ရှိတဲ့သူတွေကို ခွင့်လွှတ်ပြီး ဘဝသစ်သို့ ခေါ်ဆောင်နိုင်ဖို့ အပြစ်သားတွေနဲ့ အရောတဝင် နေပါတယ်။ ကျနော်တို့လည်း ဘုရားရဲ့ချစ်ခြင်းမေတ္တာကို လူတိုင်း သိရှိခံစားရပြီး ပြောင်းလဲလာစေဖို့အတွက် အပယ်ခံ နာမည်ပျက် ရှိတဲ့သူတွေနဲ့ သခင်ယေရှုလို စကားပြောရဲရပါမယ်။

သခင်ယေရှုက ရေတောင်းတာကို ဆာမာရိယအမျိုးသမီးက "သင်က ဂျူးလူမျိုး ၊ ကျမက ဆာမာရိယလူမျိုး ဘာဖြစ်လို့ စကားလာပြောရတာလဲ" လို့ ပြောလိုက်တယ်။ ဒီအခါ သခင်ယေရှုက "သင့်ဆီကို အခု ရေတောင်းနေတဲ့သူက ဘယ်သူလဲဆိုတာ သင် သိတယ်ဆိုရင် သင်ကတောင် သူ့ဆီက ရေ ပြန်တောင်းပါလိမ့်အုံးမယ်။ သူကလည်း သင့်ကို အသက်ရေ ပေးပါလိမ့်မယ်" လို့ မိန့်တော်မူတဲ့အခါ အမျိုးသမီးက နေ့တိုင်းသောက်နေကျ ရိုးရိုးရေ အောင်းမေ့ပြီး "သင့်မှာ ရေခတ်စရာလည်း မပါပဲနဲ့ ဘယ်လိုလုပ် အသက်ရေကို ပေးနိုင်မှာလဲ " တဲ့ ။ သခင်ယေရှု မိန့်တော်မူတဲ့ အသက်ရေ ဆိုတာက ကိုယ်ကာယအတွက် နေ့တိုင်းသောက်နေတဲ့ ရိုးရိုးရေ မဟုတ်ဘူး။ ကိုယ်ကာယအတွက် သောက်နေကျ ရေက သောက်ပြီးရင်လည်း နောက်တဖန် ရေငတ်လိမ့်အုံးမယ်။ ငါပေးတဲ့ရေကို သောက်သောသူသည်ကား မည်သည့်အခါမျှ ရေငတ်လိမ့်မည် မဟုတ်လို့ မိန့်တော်မူပါတယ်။

ကျမ်းစာထဲမှာ လူက ဘုရားသခင်ကို တောင်းတတတ်တဲ့စိတ်ဆန္ဒကို ဖော်ပြရေးသားတဲ့အခါ လူတွေက ရေငတ်သလို ဘုရားကိုလည်း ဆာငတ်တောင်းတကြပါတယ်။ ဆာလံကျမ်း ၃၆း ၉ မှာ ဘုရားသခင်ဟာ အသက်စမ်းရေ ဖြစ်တော်မူကြောင်း ရေးသားထားပါတယ်။ လူ့ကိုယ်ကာယက ရေငတ်တတ်ကြသလို လူ့ဝိညာဉ်ကလည်း သူ့ကို ဖန်ဆင်းထားတဲ့ဘုရားသခင်ကို တောင်းတကြပါတယ်။ လူ့ဝိညာဉ်အတွက် လိုအပ်နေတဲ့အသက်စမ်းရေကို ယေရှုဘုရားရှင်ကသာ ပေးစွမ်းနိုင်ပါတယ်။ လူ့ကိုယ်ကာယအတွက် ဆာငတ်တဲ့အခါ ကိုယ်ကာယကို အငတ်မထားကြပါဘူး။ စားသောက်ကြတယ် မဟုတ်ဘူးလား၊ ဒီလိုပါပဲ ဝိညာဉ်က ဘုရားကို ဆာငတ်တောင်းတနေတာကို ဒီအတိုင်း ပစ်မထားရပါဘူး။ လောကလူတွေအများစုက ကိုယ့်ဝိညာဉ်က ဘုရားကို ဆာငတ်နေမှန်း မရိတ်မိကြဘူး။ အလုပ်ရှုပ်နေကြလို့ စိတ်ရှုပ်နေကြလို့ သတိမထားမိကြပါဘူး။ သူတို့ကသာ မရိတ်မိတာ ၊ ဘုရားကို လိုအပ်နေတယ်ဆိုတာ လက္ခာပြနေတာပါပဲ ၊ အလိုလိုရင်း စိတ်တိုနေတယ်။ ကိုယ့်မှာ စားစရာသောက်စရာ နေစရာရှိတယ် ဒါပေမဲ့လည်း အလိုလိုရင်း စိတ်ပျက်နေတယ်။ စိတ်အလိုမကျ ဖြစ်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ရဲ့အစပင်ရင်း ဘုရားသခင်၊ ကိုယ့်ရဲ့နောက်ဆုံး ပန်းတိုင် ဘုရားသခင်ကို မျက်ကွယ်ပြုထားလို့ ကိုယ်ဟာ ကြိုးပြတ်တဲ့လေတံခွန်လို ဆောက်တည်ရာမရ ဖြစ်နေမှာပဲ။ ဒါကြောင့် ဝိညာဉ်ခွန်အား ရှိနိုင်ဖို့ ယေရှုဘုရားရှင်နဲ့ ပေါင်းစပ်ပါ၊ သူ့ရဲ့ နှုတ်တော်ထွက်စကား ကျမ်းစာကို စဉ်းစားဆင်ခြင် နေထိုင်ကျင့်ကြံပါ။

အခု ဆာမာရိယအမျိုးသမီးကလည်း သခင်ယေရှုက ကမ်းလှမ်းတဲ့ အသက်ရေကို လက်ခံလိုက်ရင် နောက်တခါ ရေလာခပ်စရာ မလိုတော့ဘူး။ ငါ့တော့ ရေခပ်ရတာ သက်သာပါပြီလို့ ထင်ခဲ့ပါတယ်။ ကျနော်တို့လည်း ယေရှုဘုရားရှင်ကို လက်ခံလိုက်ရင် ဒုက္ခတွေ ခံထမ်းစရာ မလိုတော့ပါဘူးလို့ထင်နေရင် မှားသွားပါလိမ့်မယ်။ ဒုက္ခတွေ၊ စိန်ခေါ်ချက်တွေကတော့ ရှိနေအုံးမှာပဲ ။ အေး ဒါပေမဲ့ ယေရှုဘုရားရှင်ကို ယုံကြည်လက်ခံထားတဲ့သူဖြစ်တဲ့အလျှောက် ဒုက္ခကို ကျော်လွှားနိုင်တဲ့ခွန်အားကျေးဇူးတော်တွေ ရနေတယ်။ ဒုက္ခကို မျှော်လင့်ချက်ကြီးကြီး ခွန်အားပြည့်ပြည့်ဝဝနဲ့ ကျော်လွှားနိုင်တာကို သင်ကိုယ်တိုင် ခံစားရပါလိမ့်မယ်။

သခင်ယေရှုက အမျိုးသမီးရဲ့ နောက်ကွယ်ကအကြောင်းတွေ အကုန်သိတဲ့ဘုရားရှင် ဖြစ်တာကြောင့် အမျိုးသမီးက သခင်ယေရှုကို ယုံကြည်လာစေဖို့အတွက် သူမမှာ လင်ယောကျ်ား (၅)ယောက် ရှိခဲ့ဖူးကြောင်း ပြောပြတာ ဖြစ်ပါတယ်။ သူမကို စိတ်ပျက်စေဖို့ ပြောတာ မဟုတ်ပါဘူး။ သူမဘဝမှာ ဘုရားရှင်ကို ယုံကြည်လက်ခံစေဖို့ ၊ ဒါမှ ဘုရားက သူမရဲ့အပြစ်တွေကို တစ်ခုမကျန် ခွင့်လွှတ်နိုင်ပြီး လူတောမတိုးရဲလောက်အောင်အထိ ဘဝပျက်နေတဲ့သူ့ကို သူတစ်ပါးတွေအတွက် ဘုရားကို သက်သေခံဟောပြောရဲလာစေမှာ ဖြစ်ပါတယ်။

အမျိုးသမီးကလည်း သူ့ရဲ့နောက်ကွယ်က အကြောင်းတွေ ပေါ်လာတာကို စကားလွှဲချင်လို့ "သင်တို့ ဂျူးလူမျိုးတွေက

ဘုရားကို ဂျေရုဇလင်မြို့မှာ ကိုးကွယ်တယ်၊ ငါတို့ ဆာမာရိယလူမျိုးတွေက ဘုရားကို တောင်ပေါ်မှာ ကိုးကွယ်တယ်” လို့ ပြောလိုက်ပါတယ်။ ဒါကို သခင်ယေဇူးက အခုလို တရားပေးလိုက်ပါတယ် “ဘုရားသခင်ကို ကိုးကွယ်ဖို့ နေရာထိုင်ခင်းက အရေးမကြီးပါဘူး။ ကိုးကွယ်တဲ့လူရဲ့ စိတ်ထားကသာ အရေးကြီးတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားသခင်ဟာ ဝိညာဉ်တော်ဖြစ်တယ်။” ကိုယ်ကာယ မရှိဘူး။ နေရာထိုင်ခင်းဆိုတာ ကိုယ်ကာယရှိတဲ့လူအတွက်လောက်ပါပဲ။ ဘုရားကသာ ကိုယ်ကာယရှိခဲ့ရင် တစ်နေရာတည်းပဲ ကိုးကွယ်ခံလို့ ရမှာပေါ့။ အခုတော့ ဘုရားက ဝိညာဉ်တော်ဖြစ်လို့ နေရာတိုင်းမှာ ရှိနိုင်တယ်။ ဒါကြောင့် နေရာတိုင်းမှာ ကိုးကွယ်ခံနိုင်ပါတယ်။ ဘုရားသခင်ကို ကိုးကွယ်ဝတ်ပြုရာမှာ စိတ်ဝိညာဉ်အားဖြင့်လည်းကောင်း၊ အမှန်တရားအားဖြင့်လည်းကောင်း ကိုးကွယ်ရမယ်လို့ မိန့်တော်မူပါတယ်။ ဆိုလိုတာကတော သင်က ဘုရားကို ဝတ်ပြုကိုးကွယ်တဲ့အခါ ဝိညာဉ်တော်ဘုရားက လှုံ့ဆော်လမ်းညွှန်တဲ့အတိုင်း စိတ်ဝိညာဉ်ပါပါ ဝတ်ပြုကိုးကွယ်တာမှ ဟုတ်ရဲ့လား။ စိတ်မပါပဲ သင့်ကိုယ်ကာယကြီးကသာ ဘုရားကျောင်းထဲ ရောက်နေတာလား။ အမှန်တရားအားဖြင့်လည်းကောင်း ကိုးကွယ်ရမယ်ဆိုတာက သင်က ဘုရားဝတ်ပြုတဲ့အခါ အမှန်တရားကို လက်ဆုပ်လက်ကိုင် ထားနေရဲ့လား၊ ဒါမှမဟုတ် မတရားယူထားတဲ့ငွေတွေနဲ့ ဘုရားတည် ကျောင်းဆောက်လှူဒါန်းနေတာများလား ၊ အဲဒါဆိုရင် ဝတ်ပြုကိုးကွယ်ခြင်း မမြောက်တော့ဘူး။ ကုသိုလ်မရဘူး။ ဘုရားတရားစိတ်ဓါတ်ရဲ့အခြေခံဖြစ်တဲ့ ကိုယ်ချင်းစာစိတ်မှ မရှိရင် အကျိုးကုသိုလ် မရနိုင်ဘူး။

ဘာသာသူတို့ - အပြစ်ရှိတဲ့လူတွေကို ခွင့်လွှတ်နိုင်ဖို့၊ ထာဝရအသက် ပေးနိုင်ဖို့ သင့်ကို ဘုရားက အသက်စမ်းရေပေးဖို့ ကမ်းလှမ်းနေတာကို လက်ခံပါ။ သင့်ဘဝဟာ ဆောက်တည်ရာမရ ၊ ဘဝပျက်နေတာကိုလည်း ဘုရားက နားလည်တယ်၊ ဘဝသစ်ကို ပေးချင်နေတယ်။ ဒီဘဝကို ဘုရားနဲ့အတူ ဝမ်းသာအားရလျှောက်လှမ်းစေချင်ပါတယ်။ ဒါကြောင့် အသက်စမ်းရေဖြစ်တဲ့ ယေဇူးဘုရားရှင်ရဲ့ နှုတ်တော်ထွက် တရားစကားအတိုင်း စဉ်းစားဆင်ခြင် ကျင့်ကြံ ပြောင်းလဲကြပါစို့။ နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။